Myanmar Garment Manufacturers Association

# NEWSLETTER

SEPTEMBER 2025, ISSUE

## MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ









# မာတိကာ

## သတင်းနှင့်လှုပ်ရှားမှုများ စာမျက်နှာ


MGMA မှကြီးမှူး၍ Myanmar Pavilion အနေဖြင့် Apparel Sourcing Paris 2025 တွင် ပါဝင်ပြသ ......... ၂~၄

Intertextile Shanghai Autumn 2025 ........................................................................... ၆-၇

MGMA မှ 2025 China-ASEAN Expo (CAEXPO 2025) ပါဝင်ခဲ့ ......................................................... ၈

MRGMA Members Day သို့ MGMA မှ အလုပ်အမှုဆောင် အဖွဲ့ဝင်များတက်ရောက် ............................. ၉-၁၀

MGMA မှ စစ်ကိုင်းတိုင်းဒေသကြီးရှိ လျှော်ဒဏ်သင့် ဘုန်းကြီးကျောင်း များ နှင့် သီလရှင်စာသင်တိုက်များ အတွက် ကျောင်းဆောင်သစ်များလှူဒါန်းခဲ့ ................................................................................. ၁၁-၁၂

MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်း တို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ............. ၁၃

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ..................................................................... ၁၄

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ၁၅-၁၆

Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၆) ........................................................... ၁၇-၁၈

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၅၉) ............................................................................. ၁၉-၂၀


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training and WCC Training | October | Member Factories |

## Membership Update


New Member in September 2025 ............................................................... ၂၂

Membership update as of September 2025 ................................................. ၂၂

# MGMA မှကြီးမှူး၍ Myanmar Pavilion အနေဖြင့် Apparel Sourcing Paris 2025 တွင် ပါဝင်ပြသ





မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Myanmar Pavilion တွင် MGMA ဦးဆောင်သော အထည်ချုပ်လုပ်ငန်းရှင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ စုစုပေါင်း (၁၂) ဦး ပါဝင်သည့် အဖွဲ့သည် Messe Frankfurt (Paris) မှ ပံ့ပိုးကူညီသည့် Apparel Sourcing Paris 2025 သို့ တက်ရောက်ခဲ့ကြသည်။

ပြပွဲအား စက်တင်ဘာလ ၁၅ ရက်မှ ၁၇ ရက်ထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ရှိ Paris Le Bourget Exhibition Centre ၌ပြုလုပ်ခဲ့သည်။ ပြပွဲတွင် MGMA အဖွဲ့ဝင်စက်ရုံများဖြစ်သော Nang Tong Garment, Jin Xin Myanmar, Khin Kant Kaw Company Limited တို့မှ MGMA ၏ Myanmar Pavilion အောက်တွင် ၎င်းတို့၏ Made in Myanmar ထုတ်ကုန်များကို ပါဝင်ပြသခဲ့ကြသည်။

MGMA အနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်ကာ Myanmar Pavilion အား Messe Frankfurt ၏ပံ့ပိုးကူညီမှုဖြင့် Apparel Sourcing Paris တွင် ပါဝင်ပြခဲ့ခြင်းဖြစ်သည်။ အဆိုပါပြပွဲသည် ကမ္ဘာတစ်ဝှမ်းရှိ EU Buyer များနှင့် တွေ့ဆုံနိုင်သည့် Sourcing Platform တစ်ခုဖြစ်ပြီး အခြေခံမှသည် ဖန်တီးမှုရှိပြီး အရည်အသွေးရှိသော အဝတ်အထည် ထုတ်ကုန်များကို မြင်တွေ့နိုင်မည် ဖြစ်သည်။




Joint Exhibitor:


to hall 4






Thiri Sandar
Garment & General Trading Co-Op Society Ltd
STAR SANDAR
Star Sandar
京纬国际有限公司
Gainway International (Hong Kong) Co., Ltd.








LOCAL FUTURES
Sample


LOCAL FUTURES
Myanmar Garment
MADE IN MYANMAR


B
apparelsourcing
A
hall 3
Econogy
Tour






Japanese
Restaurant





PARIS
DESIGNS | ACCESSORIES | LEATHER
FABRICS | BAG, SHOES & LEATHERWEAR
5
HELP DESK

MAB

# လုပ်ငန်း ပိုမိုတွင်ကျယ်စေဖို့

# MAB Supply Chain (Invoice) Financing



ဝယ်လိုအားမြင့်၊ ရောင်းအားကောင်းသော
လုပ်ငန်းများအတွက် ငွေကြေးစီးဆင်းမှုကို
ပိုမိုချောမွေ့မြန်ဆန်စေရန် အထူးသင့်လျော်ပါသည်။

- Operational Efficiency
- Working Capital Boost
- Instant Funding
- Strengthen Relationships

MAB Call Center
01 8610612

# Intertextile Shanghai Autumn 2025




Intertextile Shanghai Autumn 2025 သို့ MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျင်ထွန်း တက်ရောက်ခဲ့ပြီး ပြပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၄ ရက်ထိ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့ရှိ InterContinental Shanghai NECC Hotel ၌ပြုလုပ်ခဲ့သည်။

စက်တင်ဘာလ ၂ ရက်နေ့တွင် MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျင်ထွန်းမှ Intertextile Shanghai Autumn 2025 ဖွင့်ပွဲအခမ်းအနား၊ VIP Welcome Tour နှင့် China National Textile & Apparel Council (CNTAC) နှင့်တွေ့ဆုံခြင်းများကို ပြုလုပ်ခဲ့သည်။

ထို့နောက် AFTEX Forum သို့တက်ရောက်ခဲ့ပြီး "Opportunities in ASEAN in Changing Trade Environment" ခေါင်းစဉ် ဖြင့် မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး အခွင့်အလမ်းများကိုလည်း တင်ပြခဲ့သည်။ Intertextile Night VIP Dinner သို့လည်းတက်ရောက်ခဲ့သည်။







intertextile
SHANGHAI apparel fabrics
Intertextile Night
欢迎晚宴
messe frankfurt


迎接贸易环境
Opportunities in ASEAN


intertextile


HSCC恒申
恒申新材
H-Tech
股票代码: 000782
Sep 02, 2025


intertextile
AFTEX
迎接贸易环境变化，
探索东盟机遇
Opportunities in ASEAN in
Changing Trade Enviror


OPPORTUNITIES IN ASEAN
IN A CHANGING TRADE ENVIRON
AFTEX
ASEAN Federation of Textile Industries
The Federation of Thai Textile Industries
Ms. Nutra Uttamapinant

# MGMA မှ 2025 China-ASEAN Expo (CAEXPO 2025) ပါဝင်ခဲ့

Myanmar Garment Manufacturers Association (MGMA) အနေဖြင့် တရုတ်နိုင်ငံ၊ နန်နင်းမြို့တွင် စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်ထိ ပြုလုပ်သည့် 2025 China-ASEAN Expo (CAEXPO 2025) ပါဝင်ခဲ့သည်။

ပြပွဲသို့ MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်းနှင့် ရုံးအဖွဲ့မှ တက်ရောက်ခဲ့ပြီး MGMA ပြခန်း၌ Made In Myanmar ကုန်ပစ္စည်းများကိုပြသခဲ့သည်။ ပြပွဲတွင် မြန်မာနိုင်ငံ၏ အဓိကကဏ္ဍများဖြစ်သော ခရီးသွားလုပ်ငန်း၊ ဆန်၊ ပဲ၊ ကုန်စည်၊ အဝတ်အထည်၊ မြန်မာ့ကျောက်စိမ်း၊ မြန်မာ့တိုင်းရင်းဆေးနှင့် အဝတ်အထည်တို့မှ နိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ပြသခဲ့ကြသည်။

CAEXPO သို့ Ministry of Commerce (MOC), UMFCCI, MGMA, MIA, MRF နှင့် အခြားသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။
















# MRGMA Members Day သို့ MGMA မှ အလုပ်အမှုဆောင် အဖွဲ့ဝင်များတက်ရောက်

မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MRGMA) ၏ Members Day သို့ MGMA ၏ ဒု-ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသိန်းဖေဝင်း၊ ဦးကျင်ထွန်း၊ ဦးထွန်းထွန်း၊ ဦးအောင်မျိုးဟိန်း နှင့် မန်နေးဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန် တို့တက်ရောက်ခဲ့ပြီး အခမ်းအနားအား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် မန္တလေးမြို့ရှိ Hotel Hazel ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် MRCCI ဥက္ကဋ္ဌ နှင့် MGMA ၏ ဒု-ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့မှ အဖွင့်အမှာစကားများပြောကြားခဲ့ပြီး MRGMA ၏ ဥက္ကဋ္ဌ ဒေါ်လေးလေးမွန်မှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် MRGMA ၏ အထွေထွေအတွင်းရေးမှူး ဦးစောဝင်းတိုးမှ MRGMA ၏ လှုပ်ရှားမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး MRGMA မှ ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာကို MGMA မှလက်ခံရယူခဲ့သည်။ ဆက်လက်၍ ဒေါက်တာကောင်းလွန်းမှ “ Sewing Success Together “ ခေါင်းစဉ်ဖြင့် ဟောပြောပေးခဲ့ပြီး အဖွဲ့လိုက်ဓာတ်ပုံများရိုက်ကူးကာ ကံစမ်းမဲအစီအစဉ်များဖြင့် အခမ်းအနားကိုရုတ်သိမ်းခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးအထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှု ဝန်ကြီးဌာန မှတာဝန်ရှိသူများ၊ MRGMA ၏အဖွဲ့ဝင်များ နှင့် တခြားသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။











MRGMA MEMBERS DAY
2025
Hotel Hazel













# MGMA မှ စစ်ကိုင်းတိုင်းဒေသကြီးရှိ လေျှာင်ဒဏ်သင့် ဘုန်းကြီးကျောင်း များ နှင့် သီလရှင်စာသင်တိုက်များအတွက် ကျောင်းဆောင်သစ်များလှူဒါန်းခဲ့




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) နှင့် အသင်းသားများ၏ လှူဒါန်းငွေများဖြင့် လှူဒါန်းခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးရှိ လေျှာင်ဒဏ်သင့် ဘုန်းကြီးကျောင်းများ နှင့် သီလရှင်စာသင်တိုက်များအတွက် ကျောင်းဆောင် သစ် လှူဒါန်းမှုရေစက်ချအခမ်းအနားနှင့် ဆောက်လုပ်ဆဲ ကျောင်းဆောင်များနှင့်ရေကန်များ၏အခြေအနေများကို MGMA ၏ CSR အဖွဲ့ဝင်များမှသွားရောက်ကြည့်ရှုခြင်းကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် ပုညသဟာယဓမ္မာရုံ ဆောက်လုပ်ပြီးစီးခြင်း ရေစက်ချအခမ်းအနားကို ချမ်းအေးသာစံ သီလရှင်စာသင်တိုက်တွင် ပြုလုပ်ခဲ့ပြီး ကန်သုံးဆင့်ကျောင်းတိုက်ရှိ ဘတ္တဂူမဠရီ ကျောင်းဆောင်နှင့်ရေကန် ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ သန္တာရုံ ဘုန်းကြီးကျောင်းရှိ ကျောင်းဆောင်များနှင့်ရေကန်များ ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက် ကြည့်ရှုခဲ့ကြသည်။

















# ကန်သုံးဆင့် ကျောင်းတိုက်








# သန္တာရုံ ဘုန်းကြီးကျောင်း





# MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်း တို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် တွင် KAMAKURA MARINA (Japanese Food) ၌ Japan Garment Manufacturers Association in Myanmar (JGMA) မှကြီးမှူးကာ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အသင်း ၅ သင်းမှ လက်ရှိ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများကိုဆွေးနွေး ခဲ့ကြသည်။တွေ့ဆုံပွဲသို့ MGMA ၏ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA), Chinese Textile & Garment Association in Myanmar (CTGA) နှင့် Hong Kong Myanmar Manufacturers’ Association Limited (HKMMA) တို့မှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။



အစည်းအဝေးအား MGMA ၏ တွဲဖက်အတွင်းရေးမှူး မှ အစီအစဉ်အတိုင်းဆောင်ရွက်ခဲ့ပြီး အလုပ်အမှုဆောင်များမှ စက်တင်ဘာလ ၂ ရက်မှ ၄ ရက်ထိ ရှန်ဟိုင်းမြို့တွင်ပြုလုပ်ခဲ့သည့် Intertextile Shanghai 2025, 6th MGMA Members' Day, ဩဂုတ်လ ၁၈ ရက်တွင် MGHRDC ၌ပြုလုပ်ခဲ့သည့် Garment Template training and CAD template training, စက်တင်ဘာလ ၁၁ ရက်တွင်တက်ရောက်ခဲ့သည့် MADE mid-year meeting တို့နှင့် ပတ်သက်သည့် သုံးသပ်ချက်များ၊ ဒုတိယအကြိမ်မြောက် MRGMA Members Day သို့သွားရောက်မည့်ကိစ္စရပ်များနှင့် Working Group ၏လုပ်ငန်းဆောင်တာများကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။





# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် G & F (Myanmar) Garment Co., Ltd ၌ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ G & F (Myanmar) Garment Co., Ltd မှ ဝန်ထမ်း (၂၁) ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။












# Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၆)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၈၆) ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်မှ ၂၆ ရက်ထိ Star Sandar Garment & General Economic Co-op Society Ltd ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGMA ၏ ဒု-ဥက္ကဌ ဒေါ်ဌေးဌေးအေးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့်မှ အပိတ်အမှာစကားပြောကြားခဲ့သည်။

သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့် သင်ကြားပေးခဲ့သည်။

သင်တန်းသို့ Star Sandar Garment & General Economic Co-op Society Ltd သင်တန်းသား (၁၅) ဦးတက်ရောက်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။


















# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၉)



**Batch – 259 Group Photo**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)မှကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၉) ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှ ၁၉ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) မှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့အပြင် IOM မှ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာသိကောင်းစရာများကိုလည်း ဝေမျှပေးခဲ့သည်။ သင်တန်းအပိတ်အမှာစကားကို GTHS မှ တွဲဖက်ပါမောက္ခ ဒေါ်ထွေးထွေးစိုးမှ ပြောကြားခဲ့ပြီး သင်တန်းသား (၃၆) ယောက်တက်ရောက်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



**Principle of GTHS giving opening Remarks**



**Associate Professor of GTHS giving closing remarks**



**MGMA conducting Labor Law Awareness**



**Safe Migration Seminar by IOM**





**Trainer of MGHRDC presenting Sewing Method**

**Trainer of MGHRDC presenting Sewing Method**





**Practice Session**

**Practice Session**





**Awarding Certificates**

**Awarding Certificates**

# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း
## MYANMAR GARMENT MANUFACTURERS ASSOCIATION

UMFCCI - 9th Floor, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon

☎: 95-1-2300253, 95-1-2314829 Fax: 95-1-2314829 ✉: mgma@myanmargarments.org


စာအမှတ်။ ။ ၀၀၅/ အထ၁ /၂၀၂၅ ( ၀၉၃၀ )

ရက်စွဲ ။ ။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်

သို့

အသင်းဝင်စက်ရုံ/ကုမ္ပဏီများအားလုံး

အကြောင်းအရာ။ ။ ၂၀၂၅ ခုနှစ်အတွက် **VLCA Submission Form** ဖြည့်စွက်၍ ရရှိသော PDF ဖိုင်ကို mgmavlca@gmail.com သို့ပေးပို့ပြီးမှသာ **အသင်းဝင်သက်တမ်းတိုး** ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း။

၁။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် "မိမိ သဘောဆန္ဒ အလျောက် အလုပ်သမားဥပဒေ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း" Voluntary Labour Compliance Assessment (VLCA) အစီအစဉ်ကို အထည်ချုပ်လုပ်ငန်းကဏ္ဍတစ်ခုလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ အသင်းဝင်စက်ရုံများအနေဖြင့် VLCA စစ်ဆေးခြင်းကို မဖြစ်မနေ နှစ်စဉ်ခံယူရမည်ဖြစ်ပါသည်။

၂။ VLCA စစ်ဆေးမှု ခံယူရန် အသင်းဝင်စက်ရုံများသည် ဦးစွာ VLCA Submission Form ကို ဖြည့်စွက်ပြီး Download ဆွဲယူရရှိသော PDF ဖိုင်ကို mgmavlca@gmail.com သို့ ပေးပို့ရမည်ဖြစ်ပါသည်။ ထိုသို့ PDF ဖိုင်ပေးပို့ပြီးဖြစ်မှသာ **အသင်းဝင် သက်တမ်းတိုးခြင်းနှင့် အသင်း၏ ဝန်ဆောင်မှုများ ရယူသုံးစွဲခြင်း** တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ၂၀၂၅ ခုနှစ်အတွက် VLCA စစ်ဆေးမှု ခံယူရန် VLCA Submission Form ဖြည့်စွက်၍ PDF ဖိုင်ပေးပို့ရန် ကျန်ရှိနေသော အသင်းဝင်စက်ရုံများအနေဖြင့် ယခုနှစ်မကုန်ခင် ဖြည့်စွက်ပေးပို့ကြရန် လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်။

၄။ အသင်းဝင်စက်ရုံများ ဆောင်ရွက်ရန် -

၁။ https://g.mgmavlca.com/docs/records/factories-list-2025/ ဝက်ဘ်ဆိုက် စာမျက်နှာတွင် မိမိ စက်ရုံအမည်ကို သွားရောက်ရှာဖွေကြည့်ပါ။ **မတွေ့ရှိပါက** မိမိစက်ရုံသည် VLCA Submission Form မဖြည့်စွက်ရသေးကြောင်း သိနိုင်ပါသည်။ ထိုသို့ **မဖြည့်ရသေးလျှင်** -

၂။ https://g.mgmavlca.com/form/ ဝက်ဘ်ဆိုက်စာမျက်နှာတွင် **VLCA Submission Form** ကို ဖြည့်စွက်ပြီး ရရှိလာသော PDF ဖိုင်ကို mgmavlca@gmail.com သို့ ပေးပို့ပါ။

**ဆက်သွယ်စုံစမ်းရန်** - 09 770 129 330, 09 250 656 561

အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

မိတ္တူကို - ရုံးလက်ခံ

# MEMBERSHIP UPDATE

New Members in September 2025

| Country | No. of New Member Factories |
|---|---|
| China | 3 |
| **Total** | 3 |

Membership Update as of September 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 66 |
| | China | 357 |
| | Korea | 55 |
| | Japan | 17 |
| | Others | 20 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 52 |
| Total (Active) | | 592 |
| Temporary Closed | | 56 |